
mgyoe.com
SAMPLE BOOK




# လမ်းခွဲ မင်္ဂလာ

မယ်လွင့် ၊ အိမ်မွန်

mgyoe.com

mgyoe.com SAMPLE BOOK



illustrated by mar na

လမ်းခွဲမင်္ဂလာ_5000Ks

4 472682 671070

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်အမှတ် - ၇၀




mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ်၊ ဇလပ်နီစာပေ။
လမ်းခွဲမင်္ဂလာ - မယ်လွင့်၊ အိမ်မွန်
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း - စာထာ
အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးမင်းထက်ထန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄)။ အတွင်းအပြင်အဆင်နှင့် စာစီ - ဇလပ်နီ။ ပုံနှိပ်သူ-ဗိုလ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ စာအုပ်ချုပ် - ရွှေပွင့်မွှေး။

ဖြန့်ချိရေး - ဇလပ်နီစာပေ
၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈

ရောင်းဈေး - ၅၀၀၀ ကျပ်

၈၀၈.၈၄
မယ်လွင့်၊ အိမ်မွန်
လမ်းခွဲမင်္ဂလာ၊ မယ်လွင့်၊ အိမ်မွန်၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၂။
စာ-၁၅၉ ၊ ၁၂ × ၁၈ စင်တီ
(၁) လမ်းခွဲမင်္ဂလာ

mgyoe.com

mgyoe.com SAMPLE BOOK

## မပင်လွင့်


၁။ လမ်းခွဲတဲ့နေ့ ၆

၂။ *The Story About* ၁၆

၃။ ကြေကွဲနာ ၃၀

၄။ မစိုက်ပျိုးခဲ့ပေမဲ့ ရိတ်သိမ်းနေရခြင်းများ ၄၀

၅။ မှတ်ဉာဏ်ပန်းပွင့်အပြာ ၄၈


## အခိမ်မှန်


၁။ တိမ်းမွှေးစံပျော် ၇၂

၂။ မိန်းကလေး နော်မာ ၉၂

၃။ သမီးကို ရွေး ၁၁၄


၄။ ထိမ်းမြားမင်္ဂလာ ၁၂၆

၅။ စိတ်ဟောင်း ၁၄၄


❑

mgyoe.com

mgyoe.com SAMPLE BOOK



# လမ်းခွဲတဲ့နေ့

mgyoe.com

mgyoe.com SAMPLE BOOK

သူ ကျနော့်ကို မချစ်တော့ဘူးလို့ ပြောပုံက လမ်းဘေးမှာ ရေသန့်တဘူး ဝယ်သောက်သလောက်ကို အေးဆေးနေတာပဲ။ အဲဒီမိန်းမဟာ အဲဒီလောက်ထိ သွေးအေးတတ်လွန်းသူလား။ ကျနော် မသိပါဘူး...။ ကျနော်က ချစ်လားလို့ မေးတိုင်း ပြန်ဖြေခဲ့တဲ့ သူ့မျက်ဝန်းတွေက ကြယ်ကလေးတွေလို တလက်လက် တောက်ပနေခဲ့တာ။ ဟော... အခု မချစ်တော့ဘူးလို့ ပြောတော့လည်း နွေဦးရဲ့ နေ့လယ်ခင်း တခုလုံးကိုတောင် မိုးမှောင်ကြိုး ကျသွားစေသလိုပဲ။

"မချစ်တော့ဘူး ဆိုတာ အကြောင်းပြချက်တွေမှ မလိုဘဲနဲ့..."

တိတ်ဆိတ်လက်စ ဝင်္ကဘာလမ်းကိုတောင် ပိုပြီး တိတ်ဆိတ်သွားစေလောက်အောင် သူ့စကားတွေက ခိုင်မတ်လွန်းနေတယ်။ လမ်းမပေါ်က ဖြတ်သွားတဲ့ ကားသံက လွဲရင် ကျနော်တို့ကြားမှာ စကားမရှိတော့ဘူး။



mgyoe.com

mgyoe.com
SAMPLE BOOK


သူက သောက်လက်စ Lychee Espresso ထဲက အသီးဖတ်ကလေးကို လိုက်ဆယ်နေခဲ့တယ်။ သူ ဆယ်ယူနေတဲ့ အသီးဖတ်ကလေး နေရာမှာ ကျနော့်နှလုံးသား ဖြစ်ရင် ကောင်းမှာပဲ။ ကျနော့်ကို သူ ဆယ်ယူတွေ့ရှိပါစေ…။ ကျနော် ဒီအခြေအနေကြီးကို မွှန်းကျပ်ရှုပ်ထွေးလွန်းလို့ပါ။

အပျော်အပျက် ဆုတောင်းမို့ မပြည့်တာလား၊ ဒါမှမဟုတ် သူကပဲ ကျနော် ဆုတောင်းနေတာကို သိလို့ ဆက်မလုပ်တော့တာလား မသိဘူး။ စတ္တူပိုက်နဲ့ ဖိလက်စ အသီးဖတ်ကလေးဟာ ပဲ့ကျပြီး လွတ်ထွက်သွားတယ်။ သူကလည်း ဆက်မကောက်တော့ဘူး။

"နောက်တယောက် တွေ့သွားလို့လား"

ဆိုတဲ့ စကားကို မရည်ရွယ်ပါဘဲ ကျနော့်နှုတ်က ထွက်သွားမိတယ်။ ဖန်ခွက်ထဲက စတ္တူပိုက်ကလေးရဲ့ ထိပ်ဖျားကို လက်သည်းရှည်ကလေးနဲ့ တောက်လွှတ်ပြီး သူက ရယ်တယ်။ ဘာမှတော့ ပြန်မဖြေဘူး။ ဆောရီး၊ ဒီမေးခွန်းက မလိုဘူး…။

သူ ပြောဖူးသလို-

မချစ်တော့ရင် မချစ်တာပဲ။ နောက်တယောက်တွေ၊ ရှေ့တယောက်တွေ ရှိလာသလား ဆိုတာ လူပြိန်းတွေပဲ ထည့်စဉ်းစားတာတဲ့၊ လူဆိုတာ တခြားတယောက်ယောက် အမှီအတွယ် မရှိလည်း မချစ်တော့ဘူး ဆိုတာ ဖြစ်နိုင်တာပဲတဲ့လေ။ တယောက်ကို တယောက် အကြောင်းပြချက် မဲ့စွာနဲ့ပဲ မချစ်နိုင်တော့တာ သက်သက်ပဲတဲ့။ အခုတလောမှာ သူ မကြာခဏ ပြောနေခဲ့တာ…။ သူ ပြောသလောက် အချစ်ဟာ လွယ်လို့လား။

"သွားတော့မယ်…"

"ခဏလောက် အတူနေပေးပါဦး…၊ ဒီအခြေအနေက လက်ခံရတာ ခက်ခဲနေလို့"


mgyoe.com

mgyoe.com SAMPLE BOOK


"ခဏလောက် ထပ်နေလည်း ဘာမှ ပြောင်းလဲလာမှာမှ မဟုတ်တာ။ ငါ အိမ်ပြန်ချင်ပြီ"

ဘယ်လောက်တောင် မိုက်ရိုင်းတဲ့ မိန်းမလဲ...။ သူ မချစ်တော့ဘူးဆိုတာနဲ့ပဲ လူတယောက်ရဲ့ စိတ်၊ ခံစားချက်၊ လိုအပ်ချက် ဘာဆို၊ ဘာကိုမှ ဂရုမစိုက်တော့ဘူး။

"ငါ့ထက် အိမ်ပြန်တာက အရေးကြီးလို့လား၊ နင် အိမ်မပြန်ဖူးဘူးလား..."

"ငါ့အတွက်တော့ ဒီအချိန်မှာ အိမ်ပြန်တာလောက် ဘယ်ကိစ္စကမှ အရေးမပါနေဘူးလေ..."

ကျက်သရေ တုံးလိုက်တာ၊ ထိမထင်တဲ့ မျက်နှာနဲ့ ပြောနေတဲ့ ဒီမိန်းမကို ကျနော် ဘာ့ကြောင့်များ ချစ်ခဲ့မိတယ် မသိဘူး။

"နင့်အိမ်က ငါ့ပစ္စည်းတွေ လာသိမ်းမယ်..."

သူက ဟက်ဟက်ပက်ပက် ထရယ်တယ်။ ပြီးတော့ ကျနော် ဆောင်းထားတဲ့ လျှာထိုးဦးထုပ်ရဲ့ လျှာကို တောက်ပြီး-

"အခုထိ ကလေးကလား ဆန်တုန်းလား"

လို့ ပြန်ပြောတယ်။

ပြီးတော့ ကျနော် မေ့ချင်ယောင် ဆောင်နေတဲ့ သူ့အိမ်သော့ကို ကျနော့်ကားသော့ကနေ ပိုင်စိုးပိုင်နင်းနဲ့ ပြန်ဖြုတ်ယူထားလိုက်တယ်။

"အခုလိုက်ယူချင် ယူလိုက်...၊ နောက်တော့ ထပ်မလာနဲ့ပေါ့..."

သူနဲ့ နာရီဝက်လောက်တော့ အချိန်ထပ်ရနိုင်လို့ ကျနော် ပျော်သွားတယ်။ သူ့အိမ်ကို လိုက်ဖို့ တမင်တကာ ခွင့်ပြုလိုက်မှန်း ကျနော် သိပါတယ်။ နာရီဝက်အတွင်း သူများ စိတ်ပြန်လည်လာမလား ဆိုတာထက် ကျနော်က သူ့ကို နာရီဝက်လောက်တော့ ပိုပြီး တွယ်ကပ်နေချင်တာ။ ဒါပေမဲ့ ကျနော်


mgyoe.com

mgyoe.com
SAMPLE BOOK


တွယ်ကပ်နေတာပါလို့လည်း ယောကျ်ားမာနအရ မပြောချင်ဘူး၊ မပြောနိုင်ဘူး။

ကျနော့်ကားဂီယာမှာ သူ့ Scrunchie လေး နှစ်ခုက ရှိနေတုန်းပဲ။ သူက သူမျက်နှာပေါ် ဆံပင်တွေ ကျရင် မကြိုက်လို့ နေရာတကာမှာ ဆံပင်တွေကို ချည်စရာတွေ ဆောင်ထားတတ်တယ်။ Dashboard ထဲမှာလည်း သူ့ Lipgloss တဘူးတော့ ရှိနေမှာပဲ။ စစ်စစ်ပေါက်ပေါက် လိုက်ရှာရင် ထိုင်ခုံ တခုခုအောက်က ကြမ်းပြင်မှာ သူနဲ့ ကျနော် ကားပေါ်မှာ ချစ်တင်းနှောတုန်း က သူ ချွတ်ခဲ့တဲ့ ပင်တီတထည်တလေ ဖြစ်ဖြစ်၊ ကျနော် ပစ်ချလိုက်တဲ့ ကွန်ဒုံးအဟောင်းတခု ဖြစ်ဖြစ်တောင် ကျန်နေနိုင်တယ်။ ရုပ်ဝတ္ထုနဲ့ မဟုတ် ရင်တောင် ကျနော်တို့ကြားမှာ အတူရှိခဲ့ဖူးတဲ့ အချိန်ကာလရဲ့ အမှတ်အသား တွေက အများကြီးရယ်။

ကားပေါ်မှာလည်း သူ စကားတခွန်းမှ မပြောဘူး။ ကျနော်တို့ကြားမှာ ရှိနေတဲ့ အေးတိအေးစက်မှုက ဘယ်ကလာသလဲ။ ကျနော် မသိဘူး။

ကျနော်တို့ဟာ ဒီအတိုင်းလေး တယောက်ကိုတယောက် ချစ်ပါတယ်လို့ တကူးတက မပြောဘဲ အတူ ရှိလာခဲ့ပြီးတဲ့ နောက်မှ တယောက်ကို တယောက်က ချစ်နေပြီလို့ သိလာခဲ့တာ။

ကျနော်တို့ဟာ တယောက်ကို တယောက် တကယ်ကော ချစ်ကြရဲ့လား၊ ချစ်တယ်လို့ ထင်မှတ်မှားခဲ့တာလား။

သူငယ်ချင်း မိတ်ဆွေတွေကြားထဲ ကျနော်တို့ အတွဲဟာ စံပြဖြစ်နေခဲ့တယ် မဟုတ်လား။

သူဟာ ကျနော့်ကို လက်ထပ်ဖို့ ဖိအားမပေးဘူး။ ကျနော့်အလုပ်တွေကို Support ပေးတယ်၊ ကျနော့်လိုပဲ ဘောလုံးပွဲ ကြိုက်တယ်၊ ကျနော် ကြိုက်တဲ့ ဟင်းတွေကို ချက်ကျွေးတယ်။ သူ့ကို ကျနော်နဲ့ ထပ်တူထပ်မျှ


mgyoe.com

mgyoe.com SAMPLE BOOK


ရှိတဲ့ ရဲဘော်ရဲဘက်လို ချစ်သူလို့ ယုံကြည်ထားခဲ့တာ။ အဲဒီလို အနေအထားနဲ့ နှစ်နှစ်လောက် ကြာပြီးကာမှ ရုတ်တရက်ကြီး အေးစက်၊ ရုတ်တရက်ကြီး လမ်းထခွဲတော့တာ။

သူ့အိမ်ကို ရောက်တော့ ကျနော့်ကို ခဏနေဦးလို့ ပြောပြီး အိမ်ပေါ် တက်သွားတယ်။ ပြန်ဆင်းလာတော့ စက္ကူကတ်ပုံးတလုံး ပါလာတယ်။ သူ့ အိမ်မှာ ချန်ထားတတ်တဲ့ ကျနော့်တိုလီမုတ်စတွေပေါ့လေ။ ကျနော့်မုတ် ဆိတ်ရိတ်ဓားက အစ၊ ကော်ဖီခွက် အဆုံး အကုန်လုံး ပါတယ်။ သူက ကျနော့်ကားနောက်မှာ ရပ်ရင်း နောက်ဖုံးကို ခေါက်တော့ ကျနော် ဖွင့်ပေးပြီး ကားထဲကနေ ဆင်းလိုက်တယ်။

"နင့်ပစ္စည်းတော့ နင် လာယူလေ၊ ဒီအထိ ငါ လိုက်မပြောချင်ဘူး"

"နင့်အိမ်ထဲကို မဝင်စေချင်ဘူး ထင်လို့လေ..."

"အခုကျတော့လည်း ချက်ချင်းပဲ လက်ခံလိုက်ပြီပေါ့..."

"နင် ငါ့ကို ဘာဖြစ်စေချင်တာလဲ..."

ကျနော် မိန်းမတွေကို နားကို မလည်နိုင်ဘူး။ ခုနတုန်းကတော့ သူပဲ သည်းထန်အေးစက်နေပြီး အခုကျ သူ့မျက်နှာက သူ့ကိုပဲ ကျနော်က လမ်းခွဲစကား ပြောထည့်လိုက်သလိုမျိုးနဲ့ ခနဲ့တဲ့တဲ့ ရိသဲ့သဲ့ အငေါ်တူးတဲ့ စကားတွေကို ပြောနေပြန်ရော။

"အမလေး၊ ဘာမှ မဖြစ်စေချင်ပါဘူးရှင်..."

သူက ကျနော့်ကို ထပ်ပြီး အငေါ်တူးရင်း ကျနော့်ကားနောက်ခန်း ထဲကို ကတ်ထူပုံးထဲက ပစ္စည်းတွေကို စီပြီးချနေတယ်။ တကယ်ဆိုရင် ကတ်ထူပုံးအတိုင်း ပေးလိုက်လည်း ရတဲ့ကိစ္စကို ဘာအကြောင်းနဲ့ ပုံးထဲက ဟာတွေကို တခုချင်း ထုတ်စီနေတာလဲ မသိဘူး။

ကျနော် စိတ်ပေါက်ပေါက်နဲ့ သူ့လက်ထဲက ကတ်ထူပုံးကြီးကို ဆွဲ


mgyoe.com

mgyoe.com SAMPLE BOOK



လုတော့ သူကလည်း ပြန်ဆွဲလုတယ်။ ရှန်းရင်းဆန်ခတ် ဖြစ်ပြီး ကတ်ထူ စက္ကူပုံးကြီး ပြဲသွားတယ်။ ပြီးတော့ သူက ကျနော့်ကို စအော်တော့တာပဲ။

"နင် ငါ့ကို မသွားပါနဲ့လို့ တားခဲ့ဖူးလား...."

"ငါက တားရင်ကော နင်က မသွားဘဲ နေမှာလား"

"သွားမှာပဲ၊ ငါ့စိတ်နဲ့ ငါပဲ ..."

"အေး ဒါကြောင့် နင့်စိတ်ကို ငါ လေးစားပေးတာလေ၊ အလိုလိုက် ပေးတာလေ၊ တားတဲ့ စကားတောင် မပြောနိုင်တာလေ"

"သေလိုက်ပါလား၊ သေလိုက်ပါလား.. အရူးကြီး ငတုံးကြီး..."

"နင်က နင့်ကို ငါက ဆွဲထားစေချင်တာလား"

"လာမဆွဲထားနဲ့၊ သေရင်တောင် ဆွဲမထားနဲ့..."

ကျနော့်ကို သူ့လက်ထဲက စက္ကူပုံးအစုတ်ကြီးနဲ့ ပစ်ပေါက်ရင်း သူ ငိုတယ်။ ကျနော် သူ ငိုတာ မမြင်ဖူးဘူး၊ ကလေးလေး တယောက်လို ရှိုက်ကြီး တငင် ငိုနေတာမျိုးကို ဒီနှစ်ကာလတွေထဲမှာ မမြင်ဖူးဘူး။ သူက သူ့ ခံစားချက် နက်နက်နဲနဲတွေကို တခါမှ ကျနော့်ရှေ့မှာ ထုတ်ပြလေ့ မရှိဖူးဘူး။ ကျနော် သူ့ကို ပြေးပြီး ပွေ့ဖက်လိုက်တော့ အဖက်မခံဘူး။ ကျနော့်ရင်ဘတ်ကို တွန်းထိုးရိုက်ပုတ်ရင်း ငိုတယ်။

"ငါတို့ကြားမှာ မျှနိုင်စွမ်းတွေ၊ ခံစားနိုင်စွမ်းတွေ ပျောက်နေခဲ့တာ နင်သိလား.."

သူက ငိုသံတဝက်နဲ့ ကျနော့်ကို ဗလုံးဗထွေး အော်ပြောတယ်။

"ငါ နင့်ကို ချစ်တယ်၊ အမြဲချစ်ခဲ့တယ်၊ အမြဲလည်း ချစ်နေမှာပဲ..."

"မလုံလောက်ဘူး၊ အဲဒါ မလုံလောက်ဘူး သိလား..."

သူ့အတွက် ကျနော် ပေးတဲ့ အချစ်ဟာ မလုံလောက်ဘူးလား၊ ကျနော် ဘာတွေ ထပ်ပေးရမှာလဲ။




mgyoe.com

mgyoe.com SAMPLE BOOK


"ငါ ဘာပြုပြင်ပေးရမလဲ၊ ငါ ဘာပြင်ဆင်ပေးရမှာလဲ..."

"ငါ ပန်းဝတ်မှုန်နဲ့ ဓာတ်မတည့်တာ နင်သိလား..."

ရုတ်တရက်ကြီး ထမေးတဲ့ သူ့စကားမှာ ကျနော် ငြိမ်ကျသွားတယ်။ ဒါပေမဲ့ မရပါဘူး၊ ကျနော်လည်း နည်းနည်းတော့ ဒေါသ ဖြစ်နေပြီ။



ဘာလဲ၊ ပြီးခဲ့တဲ့ Valentine's day မှာ သူ့ကို ကံ့ကော်ပန်းတွေ ပေးခဲ့လို့လား။

"မိန်းကလေး ဆိုတော့ ပန်းကြိုက်တယ်လို့ပဲ ငါ တွေးတာပေါ့၊ နင့် အိမ်မှာလည်း ပန်းတွေ စိုက်ထားတာပဲ..."

"ငါ ပုသိမ်ဝက်အူချောင်းနဲ့ ဒေါ်မြရင်ဝက်အူချောင်း ဘယ်ဟာကြိုက်လဲ နင် သိလား"

"မသိဘူး၊ အတူတူပဲဟာ...။ ဘာကွာလို့လဲ"

"အေး... ငါကတော့ နင့်အတွင်းခံ ဘောင်းဘီဆိုဒ်က အစ သိတယ်...၊ နင် ပင်လယ်စာနဲ့ ဓာတ်မတည့်တာ သိတယ်...။ နင်ကလေ နှင်ချစ်တယ် ဆိုတာကို အမြဲတမ်း နှုတ်ခမ်းဖျားတွေကပဲ ဖော်ပြတတ်တာ..."

သူက စကားတွေကို ကျနော် မမြင်ဖူးတဲ့ သူစိမ်းတယောက်လို ပြောနေခဲ့တာ။ သူ့မေးခွန်းတွေ ကျနော် မဖြေနိုင်ပေမဲ့ ဒါတွေဟာ ဘဝ


mgyoe.com

mgyoe.com
SAMPLE BOOK


အတွက် ဘာမှ အရေးမပါတဲ့ အရာတွေပဲ မဟုတ်ဘူးလား။ သူ့ဘာရာစီယာ ဆိုဒ် မသိတာတို့၊ သူ ဘယ်ဝက်အူချောင်းကို ပိုကြိုက်လဲ ဆိုတာ မသိတာ တို့ဟာ လမ်းခွဲဖို့ အကြောင်းပြချက်ကောင်းတွေမို့လို့လား။ ကျနော်က ချစ်တဲ့ အကြောင်းတွေကို မဖော်ပြတတ်တဲ့ကောင်ပါ...။ ဒါပေမဲ့ ကျန်တဲ့ အရာတွေ နဲ့ ဖော်ပြရတာ မတတ်လို့ ပါးစပ်ကနေ တဖွဖွ ဖော်ပြရတာ အပြစ်လား။

"နင်ပြောတော့ မချစ်တော့တာ သက်သက်ပဲဆို၊ မချစ်တော့ရင် မချစ်တော့တာ၊ အကြောင်းပြချက် မလိုဘူးဆို...၊ ဒီလို ဘာမဟုတ်တာလေး တွေကြောင့် နင်က ငါ့ကို မချစ်တော့တာလား..."

"မဟုတ်ဘူး၊ ဒါတွေက အကြောင်းပြချက် သက်သက်ပါပဲ၊ တကယ်က ငါ နင့်ကို မချစ်တော့တာပါပဲ...။ ငါ တကယ်ပဲ နင့်ကို ဆက် မချစ် နိုင်တော့လို့ တောင်းပန်ပါတယ်..."

သူက ငိုတာကို ရပ်ပြီး သူ့ကိုယ်သူ ထိန်းလိုက်တယ်။ ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ တလုံးချင်း ပြောတယ်။

"ငါတို့ အကြာကြီး အတူရှိခဲ့ပြီးပြီ၊ ငါတို့နှစ်ယောက်က Signal မမိတဲ့ ရေဒီယိုတွေပဲ...။ ငါ ဖော်ပြနေတာတွေကို နင် မဖမ်းယူမိသလို၊ နင် ဖော်ပြတဲ့ အရာတွေကလည်း ငါ့အတွက် မဟုတ်ခဲ့ဘူး..."

"ငါ နင့်ကို ချစ်ခဲ့တယ်၊ နင်လည်း ငါ့လိုပဲ ချစ်တယ် မဟုတ်ဘူး လား...။ ဘာတွေ တွေးနေတာလဲ ဘေဘီရာ... လာပါနော်...၊ အတူရှိရ အောင်ပါ"

"ဆောရီး... ငါ ... ရှေ့မဆက်ချင်တော့ဘူး ဟန်နီ... ပြန်ပါတော့..."

အဲဒီစကားတခွန်းကို ပြောပြီး ကျနော် မပြန်ရသေးခင်ဘဲ သူ လှည့် ထွက်သွားခဲ့တယ်။ အဲဒီနေ့က စပြီး သူဟာ ကျနော့်ဘဝထဲကို အရိပ် အယောင် အနေနဲ့တောင် ပြန်လှည့်မလာခဲ့ပါဘူး။ အချိန်အကြာကြီး အတူ


mgyoe.com

mgyoe.com
SAMPLE BOOK



ရှိနေမယ်လို့ ယုံကြည်ခဲ့တဲ့ ကျနော်တို့ရဲ့ အချစ်ဟာ ကျနော် မသိလိုက်ခင်မှာပဲ အဲဒီလိုနည်းလမ်းနဲ့ ရပ်ဆိုင်းသွားခဲ့ပါတော့တယ်။

သူ ပြောခဲ့သလိုပဲ ကျနော်တို့ဟာ signal မမိတဲ့ ရေဒီယိုတွေ ဖြစ်နေခဲ့ကြတယ် ဆိုတာကို သဘောပေါက်ဖို့ ကျနော် အချိန်တွေ အများကြီး ကြာခဲ့ပါတယ်။

***


mgyoe.com

mgyoe.com SAMPLE BOOK



The Story About

mgyoe.com

mgyoe.com SAMPLE BOOK



[ ၁ ]

"သမန်းဝံပုလွေ ဆိုတာ တကယ်ရှိလား မေမေ"

လို့ မေးတော့ ကောင်လေးရဲ့ မေမေက ချောင်းခြောက်တွေ တဟွတ်ဟွတ် ဆိုးနေတဲ့ ကြားထဲကနေ ပြုံးရင်း ဖြေတယ်။

"လူတိုင်းဟာ သမန်းဝံပုလွေတွေ၊ သမန်းကျားတွေပဲ သားရဲ့"တဲ့။

"ဘယ်အချိန်ကျမှ ပြောင်းသွားကြမှာလဲ မေမေ၊ လေထဲမှာ နှစ်ပတ် ပွဲ့မိုးတွေ ပစ်တတ်လာရင်လား"

လို့ ထပ်မေးတော့ ကောင်လေးမေမေက ပြန်မဖြေပေးနိုင်တော့ဘူး။

ညနေအထိ အိပ်ပျော်နေရာကနေ နိုးမလာတော့တဲ့ ကောင်လေးရဲ့ မေမေကို မြို့ထဲက လူတွေက လာသယ်ထုတ်ကြတယ်။ အဲဒီမှာ ကောင်လေးနဲ့



mgyoe.com

mgyoe.com SAMPLE BOOK


ဖိတ်ဖိတ် စပြီးတော့ ဆုံတယ်။ ဖိတ်ဖိတ်ရဲ့ တကယ့်နာမည်က Fate လို့ သူ့အမေက ပေးခဲ့တာတဲ့။ နယ်မြို့က လူတွေလည်းဖြစ်ပြီး စကားမပေါက်တော့ ဖိတ်ဖိတ်လို့ပဲ ခေါ်ကြတယ်။

ဖိတ်ဖိတ်က ကောင်လေးတို့ မြို့ထဲက အပေါင်ဆိုင် ပိုင်ရှင်ရဲ့သားပေါ့။ မြို့ထဲက အချမ်းသာဆုံး လူရဲ့သားလို့လည်း ပြောလို့ ရတယ်။

ဒါပေမဲ့ ဖိတ်ဖိတ်က နားလည်လွယ်အောင် ပြောရရင် ဉာဏ်ရည် ဖွံ့ဖြိုးမှု နိမ့်ပါးရှာတဲ့ ကလေးပေါ့။ ဒါကလည်း ပြဿနာတော့ မရှိပါဘူး...။ ဖိတ်ဖိတ်တို့ အဖေက ဖိတ်ဖိတ်ဟာ တအိမ်လုံးရဲ့ Lucky လေး ဆိုပြီး မျက်နှာတချက် မညိုရအောင် ဖူးဖူးမှုတ်ထားတာပဲဟာ။

အမေ မရှိကြတော့တာချင်း တူသွားပေမဲ့ ဖိတ်ဖိတ်က သူဌေးသား။ ကောင်လေးက လက်တိုလက်တောင်းသမားကလေးပဲ။

မြို့ထဲက ဟိုလူ ကျွေးမလို၊ ဒီလူက မွေးမလိုနဲ့ ကောင်ကလေးဟာ ဖိတ်ဖိတ်ရဲ့ တဦးတည်းသော ကစားဖော် အလိုလို ဖြစ်သွားခဲ့တယ်။

အသက်ဆယ့်ငါးနှစ်လောက် ရောက်လာတော့ ကောင်လေးဟာ ဖိတ်ဖိတ်ရဲ့ ကစားဖော်ကနေ ဖိတ်ဖိတ်တို့ အိမ်ရဲ့ လက်တိုလက်တောင်း ကလေး ဖြစ်လာပြန်တယ်။

ဒါပေမဲ့ အခုချိန်အထိ လူတွေက သမန်းဝံပုလွေတွေ၊ သမန်းကျားတွေလို သားရိုင်းတိရစ္ဆာန်တွေ အဖြစ်ကို ဘယ်လို ပြောင်းကြသလဲ ဆိုတာကိုတော့ သူ မသိသေးဘူး။ သိလည်း မသိချင်လောက်တော့ဘူးလို့ ထင်ပါရဲ့။


mgyoe.com

mgyoe.com
SAMPLE BOOK


[ ၂ ]

မြို့ကလေးဟာ မြေနီတွေ လိမ်းကျံထားတဲ့ ဒယ်အိုးကလေးလို ချိုင့်ဝှမ်းထဲ ကျနေတဲ့ မြို့ကလေးပေါ့။ မိုးရွာပြီ ဆိုရင် ချက်ချင်းပဲ ရေနီနီ၊ ရွှံ့သားနီနီတွေ ဖုံးလွှမ်းသွားတတ်တယ်။ မိုးကလည်း အမြဲလိုလို ရွာနေတာပါပဲ။ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးမယ့် အရိပ်အယောင်ဆိုလို့ မြို့ရဲ့ ခပ်လှမ်းလှမ်း တောအုပ်ကလေးကို ဖောက်ထွက်ထားတဲ့ ဆောက်လက်စ ရထားလမ်းရဲ့ အစွန်းအစတွေပဲ ရှိတယ်။ ဒါပေမဲ့ ဘာကြောင့်လဲတော့ မသိရဘဲ အဲဒီစီမံကိန်းကလည်း ရပ်ဆိုင်းထားတာဖြင့် ကြာလှပေါ့။

မြို့ကလေးမှာက ကျောက်သမားဟောင်းတွေ ပေါတယ်။ တချို့က လည်း ကျောက်မှော်တွေဆီနဲ့ မြို့ကလေးကို အသွားအပြန် အလုပ်လုပ်ကြတုန်းပဲ။ မြို့ကလေး ဆိုပေမဲ့ ရွာသာသာ ဆိုတော့ တယောက်ကို တယောက် မသိကြတဲ့ လူတွေလည်း မရှိပါဘူး။ အကုန်လုံးက မျက်မှန်းတန်းနေ၊ သိနေ၊ မြင်နေကျပါပဲ။

အရွယ်ရောက်လာတဲ့ ကောင်ကလေးကို မြို့ထဲက လူတွေက ဖိတ်ဖိတ်ရဲ့ အဖေကြီးဆီမှာ ကျောက်ပညာ သင်ခိုင်းကြတယ်။ ဖိတ်ဖိတ်ရဲ့ အဖေကြီးက ကျောက်ပညာမှာတော့ ဆရာတဆူဆိုပဲ။ တခါတလေ ဆိုရင် မြို့ပေါ်ကိုတောင် ခေါ်ပြီး ကျောက်ကြည့်တာတွေ ဘာတွေ သွားလုပ်ပေးရတယ်။ အဲဒီလို အခါကျ ဖိတ်ဖိတ်ရဲ့ အဖေကြီးက ဖိတ်ဖိတ်ကို အမြဲခေါ်သွားတတ်တယ်။ ကောင်လေးကိုတော့ တခါခေါ်သွားဖူးပါရဲ့။ အဲဒီတခါ ပြီးတာနဲ့ ဒီကောင်က Lucky မရှိဘူး ဆိုပြီး ထပ်မခေါ်သွားတော့ဘူး။

"စျေးရောင်းပညာပဲ တတ်အောင်သင်ပါကွာ"


mgyoe.com

mgyoe.com SAMPLE BOOK


လို့ ပြောပြီး လက်တိုလက်တောင်း ဆက်ခိုင်းနေတာပါပဲ။

ကောင်ကလေးကတော့ ဘာမှ ပြောမနေပါဘူး။ ပြောရလောက်အောင်လည်း ကောင်လေး သိတာက ဘာမှ မရှိဘူးလေ။ သူ့အမေ ရှိနေတုန်းက သူ့ဘဝမှာ နောက်ဆုံး သင်ချင်၊ သိချင်၊ တတ်ချင်ခဲ့တဲ့ အရာက နှစ်ပတ်ကွှမ်းထိုးနည်းပဲ ဖြစ်ခဲ့တာ မဟုတ်လား။

[၃]

ဒီတခါ မြို့က ပြန်လာတဲ့ ဖိတ်ဖိတ်က ခရီးရောက်မဆိုက်ဘဲ ကောင်လေးကို 'ရှန်ဟိုင်း လိုက်မလား' လို့ မေးတယ်။

ကောင်လေးရော ဖိတ်ဖိတ်ပါ အခုတော့ ကောင်ငယ်ကလေးတွေ မဟုတ်ကြတော့ဘူး။ လူပျိုဖော်ဝင်ပြီးလို့ ကောင်လေးဟာ သန်မာတဲ့ လူငယ်လေး ဖြစ်လာပြီး ဖိတ်ဖိတ်ကတော့ ပိန်ရှည်ကိုင်းကိုင်းကောင်လေး ဖြစ်လာတယ်။

ဖိတ်ဖိတ်ရဲ့ အဖေကြီးက သူ့ကို မခေါ်လောက်ဘူး ဆိုတာကို ကောင်လေး သိလို့ 'မလိုက်တော့ဘူး' လို့ပဲ ဖိတ်ဖိတ်ကို ဖြေလိုက်တယ်။

ကောင်လေး ထင်တဲ့အတိုင်းပဲ၊ ဖိတ်ဖိတ်ရဲ့ အဖေကြီးက ကောင်လေးကို ပိုက်ဆံထုပ် တထုပ် ခေါ်ပေးပြီး 'မင်း လုပ်ချင်ရာ လုပ်တော့' လို့ ပြောတယ်။ ဖိတ်ဖိတ်ရဲ့ အဖေကြီးဟာ ထွက်ခွာသွားဖို့ အရာရာကို အမြန်ဆုံး ပြင်ဆင်ချင်တဲ့ပုံပါပဲ။ နီးစပ်ရာ လူတွေကို အိမ်ထဲက ပစ္စည်းတွေလည်း ခေါ်ပေးလို့။

"ဖိတ်ဖိတ် အခန်းထဲကဟာတွေတော့ ငါတို့သွားမှ ပေးလိုက်ကွာ၊ ဖိတ်ဖိတ်က နှမြောတတ်တယ်"


mgyoe.com

mgyoe.com SAMPLE BOOK



လို့ ကောင်လေးကို မှာတယ်။

ကောင်လေးအတွက်တော့ လူတွေနဲ့ ခွဲတယ် ဆိုတာ အဆန်း မဟုတ်ပေမဲ့ သူ့ရဲ့ ပထမဆုံးသူငယ်ချင်း ဖိတ်ဖိတ်နဲ့ ခွဲရမှာကိုတော့ တမျိုး ကြီးပဲ။ ကောင်လေးအမေ အလောင်းကို လူတွေ လာသယ်တုန်းက ကောင် လေးလက်ကို ကိုင်ထားခဲ့တာ ဆိုလို့ ဖိတ်ဖိတ်ပဲ ရှိခဲ့တာ မဟုတ်လား။ ဖိတ် ဖိတ်ကို တွေ့ချင်လို့ ရှာတော့ အကျဲတို့ အိမ်ဘက်ကို ထွက်သွားတယ်တဲ့။

အရွယ်ရောက်လာတဲ့ သူ့သူငယ်ချင်းကို ကောင်လေးက ကြိုလွမ်း နေလျက်ကနေ ကြိတ်ရယ်မိတယ်။

“လခွမ်းကောင် … သွားကာနီးတောင် စော်ရှိတ်တုန်း” လို့ပေ့ါ။

ကောင်လေးက ဖိတ်ဖိတ် ပြန်လာမယ့် မြို့လယ်က လက်ဖက်ရည် ဆိုင်မှာ ဆေးလိပ်ဖွာရင်း စောင့်တယ်။ ဒီနေ့တော့ ကောင်လေး အချောင်ခို နေလို့ ရတယ်လေ။ သူ့အလုပ်က ဖိတ်ဖိတ်နဲ့ အဖေကြီး ထွက်သွားပြီးမှ ရှိတော့တာပဲဉစ္စာ။ နာရီကို ကြည့်တော့ ကျောင်းလွှတ်ချိန် ရောက်တော့မယ်။ ဖိတ်ဖိတ်ကတော့ အကျဲတင် မကဘဲ ရှောင်မေ့ ကျောင်းက ပြန်လာမှ ပြန် လာတော့မယ် ထင်တယ်လို့ တွေးလိုက်တုန်းမှာပဲ မိုးက ရွာချလာတယ်။ မြို့ ကလေးရဲ့ လမ်းတွေမှာ ချက်ချင်း အနီရောင်ရေတွေနဲ့ ဖုံးအုပ်သွားတယ်။ ဝေါခနဲ အုံဆင်းလာကြတဲ့ ကျောင်းသားတွေ၊ မိုးရေတွေ၊ ရွှံ့ဗွက်နီနီတွေ ကြားမှာ ထီးတွေ၊ လူတွေ၊ မိုးကာတွေ၊ ဈေးသည်တွေနဲ့ တခဏချင်းကို ရှုပ် ယှက်ခတ်သွားတယ်။

လူတွေ ရှုပ်ယှက်ခတ်နေတဲ့ မြို့လယ်ခေါင်နေရာက မိုးသည်း အောက်မှာ အနက်ရောင် one door ရေခဲသေတ္တာကို ထောင်လျက် တင် ထားတဲ့ သံလက်တွန်းလှည်းကလေးကို ဆွဲသွားတဲ့ မိုးကာနဲ့ လူတယောက် ကို ခပ်လှမ်းလှမ်းကနေ သတိထားမိဖို့ ဆိုတာ အတော်ကို ခဲယဉ်းတာပဲ။



mgyoe.com

mgyoe.com SAMPLE BOOK



ဒါပေမဲ့ လက်ဖက်ရည်ဆိုင်ထဲက ကောင်လေးက သတိထားမိတယ်။ အဲဒါ ဖိတ်ဖိတ်ရဲ့ ရေခဲသေတ္တာ။ ရေခဲသေတ္တာကို ဆွဲသွားတဲ့ လူဟာ ကောင်လေး မြင်ကွင်းကနေ ပျောက်သွားတယ်။

ကောင်လေးက ဖြည်းဖြည်းပဲ တွေးတတ်တော့ ဖိတ်ဖိတ် အဖေကြီးက စိတ်ပြောင်းပြီး ဖိတ်ဖိတ် ပစ္စည်းတွေကို မသွားသေးခင် လူတွေကို အရင်ဝေးပေးလိုက်တာ များလားလို့ တွေးလိုက်သေးတယ်။ မိုးရေထဲမှာ ရေခဲသေတ္တာကို ဒီအတိုင်း သယ်သွားရင် ပျက်စီးမသွားဘူးလားလို့လည်း ထပ်တွေးနေသေးတာပဲ။

မိုးတိတ်သွားတဲ့အထိ ဖိတ်ဖိတ်က ရောက်မလာလို့ အကျဲတို့အိမ်ကို ကောင်လေး လိုက်သွားတယ်။

လမ်းမှာပဲ ကောင်လေးကို လိုက်ရှာနေတဲ့သူနဲ့ တွေ့ပြီး-

'ဖိတ်ဖိတ် အဖေကြီးက ကောင်လေးကို ရှာနေတယ် မြန်မြန်လာ'

လို့ ပြောလို့ ပြန်ခဲ့ရတယ်။

အိမ်ရောက်တော့ ထပ်ခိုင်းတာကလည်း-

'ဖိတ်ဖိတ်ကို မြန်မြန်သွားရှာစမ်းပါကွာ' တဲ့။

[၄]

ကောင်လေးရော မြို့ထဲက လူတွေရော ဖိတ်ဖိတ်ကို အရှာထွက်ကြတယ်။ ခုနက သည်းကြီးမည်းကြီး ရွာခဲ့တဲ့ မိုးကောင်းကင်ထက်တောင် ဖိတ်ဖိတ် အဖေကြီးရဲ့ မျက်နှာက မှိုင်းညို့မှုန်ရီလို့။ ကောင်လေးတဘဝလုံး အသက်ကြီးလာတယ်လို့ကို မထင်ခဲ့တဲ့ ဖိတ်ဖိတ်ရဲ့ အဖေကြီးဟာ တခဏချင်းတင်ကို အဖိုးအိုကြီးလို အိုမင်းတုန်ရီနေခဲ့တယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


ညမှောင်ချိန်ကျမှ မြို့ပြင်တောစပ်က စွန့်ပစ်မီးရထားလမ်းမှာ ဖိတ်ဖိတ်ရဲ့ ရေခဲသေတ္တာနဲ့ သံလက်တွန်းလှည်းကို ရှာတွေ့တယ်။ ပက်လက်လန်နေတဲ့ ရေခဲသေတ္တာထဲမှာ နီစွေးစွေး မိုးရေတွေ ပြည့်လို့။ ရေခဲသေတ္တာတံခါးနားက လက်ရာကြီးကို အနီးကပ်ကြည့်တဲ့ လူတွေက သွေးတွေလို့ပြောကြတယ်။ ရေခဲသေတ္တာထဲက ရွှံ့နီရေတွေနဲ့ ရောနေတဲ့ ရေတွေမှာလည်း သွေးလို့ ထင်ရတာတွေ အရိပ်အယောင် ကျန်နေသေးတယ်တဲ့။ အဲဒါကလွဲရင် ကျန်တဲ့ သဲလွန်စတွေဟာ သည်းကြီးမဲကြီး ရွာခဲ့တဲ့ မိုးရေတွေအောက်မှာ ပျက်ပြယ်ကုန်ပြီ။ မိုးက တိတ်သွားပေမဲ့ ဖိတ်ဖိတ်အဖေကြီးရဲ့မျက်ဝန်းထဲမှာတော့ မိုးတွေ သည်းနေဆဲပဲ။

တချို့လူတွေက ရဲတွေဆီကို အကြောင်းကြားမယ်လို့ မြို့ထဲဘက်ကို ပြန်ကြဖို့ ပြောတယ်။ တချို့ကတော့ ဖိတ်ဖိတ်ကို တွေ့တဲ့အထိ ဆက်ရှာပေးပါမယ်လို့ ကတိပြုလို့…၊ ပျောက်သွားတဲ့ သဲလွန်စကနေ ဆက်စပ်ဖို့အဖြေကို ရှာကြတယ်။ တဝက်တပျက် ရထားလမ်းရယ်၊ မြေနီတောင်ကြီးရယ်၊ ချောက်နက်တွေရယ်၊ တောတန်းထဲရယ်မှာ ဖိတ်ဖိတ် အသက်မီအောင်ဘယ်လို လိုက်ရှာရပါ့မလဲလို့ အမျိုးသမီးတချို့က စိုးရိမ်ကြတာပေါ့။ တချို့ကလည်း ဒဏ်ရာတွေ ရထားတာဟာ ဖိတ်ဖိတ် မဟုတ်ဘဲ တခြားလူ ဖြစ်နိုင်တယ်လို့ ဖြေတွေးပေးကြတယ်။ နိုင်ခြင်းနိုင်ရင် ကိုယ့်မြို့သားကိုပဲ နိုင်စေချင်တာမျိုးပေါ့။

အတူလိုက်ရှာပေးတဲ့သူထဲက လူတယောက်က သူ့ကားထဲကနေ ဓာတ်မီးတလက် ထုတ်လာပေးတယ်။ IR light ဆိုလားပဲ…။ အမှောင်ထဲမှာ ဆိုရင် သွေးကို မြင်အောင်ကြည့်လို့ ရတယ်လို့ ပြောတယ်။ သူလည်းအပျော်တမ်းသုံးဖို့ ဝယ်ထားမိတာ ဆိုတဲ့အကြောင်း ပြောပြပြီး လူတွေကိုမီးမှိတ်ခိုင်းတယ်။ ရ မရတော့ သူလည်း အာမ မခံပါဘူးလို့လည်း ကာကာ


mgyoe.com

mgyoe.com
SAMPLE BOOK


ကွယ်ကွယ် ရယ်မောရင်း ပြောနေတာကို ခပ်သဲ့သဲ့ လိုက်ရယ်ကြတဲ့ လူတွေကိုတောင် ကောင်လေး တွေ့နေရတယ်။ ဘာကများ ရယ်စရာ ပါလို့ပါလိမ့်...။

အမှောင်ထဲက တခုတည်းသော မီးရောင်အောက်မှာတော့ ဖြူပြာပြာ အရောင်တွေက တောက်နေတယ်။ မထင်မှတ်ဘဲနဲ့ တမျိုးလေး လှသလိုလို၊ မသတီစရာ ကောင်းသလိုလို ဖြူပြာပြာ အဏုမြူရောင် အစွန်းအထင်းတွေဟာ ရေခဲသေတ္တာနဲ့ လက်တွန်းလှည်းရဲ့ လက်ကိုင်မှာ အပြည့်ပဲ။ အဲဒီကနေ ရထားလမ်းဆီကို ဦးတည်နေတဲ့ ခြေရာနဲ့ စွတ်ကြောင်းကြီး တခု။

မီးရောင်ကို ကိုင်ထားတဲ့လူ ဦးဆောင်ပြီး ရထားလမ်းပေါ်က ခြေရာအတိုင်း လိုက်ကြတယ်။ ကောင်လေးနဲ့ ဖိတ်ဖိတ်အဖေကြီးက ရှေ့ဆုံးကပေါ့။ ဒါပေမဲ့ ရထားလမ်းရဲ့ တနေရာမှာတင် ခြေရာနဲ့ စွတ်ကြောင်းတွေက လမ်းဆုံးသွားတော့တယ်။ ဖိတ်ဖိတ်နဲ့ တရားခံဟာ ဒီနားမှာပဲ ရှိမယ်လို့ တွေးပြီး ဝိုင်းရှာကြပေမဲ့ မတွေ့ကြဘူး။ တောအုပ်ထဲက လေထုထဲမှာ ဖိတ်ဖိတ်ရေဆိုတဲ့ အသံတွေ ညံလို့။ ခတ်မီးတွေကလည်း ဟိုထိုး၊ ဒီထိုးနဲ့ တွေ့လိုတွေ့ငြား...။ ဘယ်သူကများ ဖိတ်ဖိတ်လို ကောင်ကလေးကို အန္တရာယ် ပေးချင်ရတာလဲ၊ ဒါမှမဟုတ်ရင် ဖိတ်ဖိတ်ကပဲ တယောက်ယောက်ကို အန္တရာယ် ပေးချင်ခဲ့တာလား။

လူတိုင်း ရင်ထဲမှာ ခံစားမိတာက သွေးတွေသာ ဒီလောက် ထွက်ခဲ့ရိုးမှန်ရင် ဖိတ်ဖိတ် ဖြစ်စေ၊ တခြားလူ ဖြစ်စေ အဲဒီလူဟာ အသက် မရှင်နိုင်လောက်တော့ဘူး ဆိုတာကိုပဲ။ မေးခွန်းပေါင်း များစွာက လူတွေ အတွေးကို စိုးမိုးထားပေမဲ့ ကောင်လေးကတော့ ဖိတ်ဖိတ်ကို ရှာတွေ့ဖို့က လွဲရင် ဘာကိုမှ တွေးခေါ်မနေခဲ့ပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK


[၅]

ကောင်လေးက ဟိုလူ့ဆီကနေ ခတ်မီးငှားပြီး မှောင်မည်းနေတဲ့ တောင်ကမ်းပါးနံရံဘက်ကို ထိုးကြည့်ချင်နေတယ်။

သူ့အတွေးကို ဘေးက လူကို ပြောပြတော့-

"ဒီကမ်းပါးကို လူချည်းပဲနဲ့တော့ တွယ်မတက်နိုင်ပါဘူးကွ" တဲ့။

ယန္တရားကြီးတွေနဲ့ မြေဖြိုထားတဲ့ တောင်နံရံတွေက ပေငါးဆယ် လောက် အနည်းလေး မြင့်တာကိုး။

ကောင်လေးကတော့ သူ့အတွေးကို လက်မလျှော့ဘူး။ မြို့ဘက်ကို ပြန်မလို့ ပြင်နေတဲ့ ခတ်မီးပိုင်ရှင်ဆီကနေ ငှားယူပြီး တောင်နံရံတွေဆီကို ထိုးကြည့်လိုက်တယ်။ ဘာအကုတ်အတွယ်မှ မပါတဲ့ တောင်နံရံပေါ်ကို လူ တယောက်ဟာ နောက်ထပ်တယောက်ရဲ့ ခန္ဓာကိုယ်ကို ဆွဲပြီး ဘယ်လိုများ တက်သွားလို့ ရနိုင်တာလဲ။ တောင်နံရံမှာ ခြေရာအထပ်ထပ်နဲ့ သွေးစွတ် ကြောင်းတွေဟာ မိုးရေတွေနဲ့ ပျောက်မသွားဘဲ အထင်းသား။ ကမ်းပါးရဲ့ထိပ် အမှောင်ရိပ်ထဲမှာ လှုပ်ရှားနေတဲ့ အရာကို ခတ်မီးထိုးကြည့်နေတဲ့ ကောင် လေးက မြင်လိုက်တယ်။ ခတ်မီးရောင်အောက်က မသတီစရာ သွေးရောင် တွေ စွန်းပေနေတဲ့ အရိပ်ဟာ လူတယောက်ပဲ…။ စုတ်ပြဲနေတဲ့ အနက်ရောင် မိုးကာရှည်နဲ့ မြို့က မဟုတ်တဲ့ လူစိမ်းတယောက်။

မီးရောင်တွေအားလုံး အဲဒီလူဆီကို စုပြုံသွားကြတယ်။ လူစိမ်းဟာ ပျော့ခွေကျိုးကြေနေတဲ့ ဖိတ်ဖိတ်ကို ဂုတ်ကနေ ဆွဲကိုင်ချီမြှောက်ထားတယ်။ ဖိတ်ဖိတ်ရဲ့ အဖေကြီးကတော့ ဖိတ်ဖိတ်ကို မြင်တာနဲ့ အသံတောင် မထွက် နိုင်ဘဲ မြေကြီးပေါ်ကို ဖင်ထိုင် လဲကျသွားတယ်။ အဲဒီလူက ဖိတ်ဖိတ်ကို



mgyoe.com

mgyoe.com
SAMPLE BOOK


ကမ်းပါးကနေ ကန်ချလိုက်တယ်။ ပြီးတော့ အရှုးကြီးလိုပဲ ဂူးဂူးဝါးဝါးနဲ့ အော်ပြောနေတယ်…။ လေတိုးသံတွေနဲ့ ဘာကိုမှ သဲသဲကွဲကွဲ မကြားရပေမဲ့ အရူးအမူးနဲ့ကို အော်ပြောနေတုန်းပဲ။

ကောင်လေး သဲသဲကွဲကွဲ ကြားရတဲ့ စကားကတော့-

"ကျောက်ပေးစမ်း၊ ငါ့ဆီကို ကျောက်ပေးစမ်း…" တဲ့။

လူတွေရဲ့ မျက်လုံးဟာ ကမ်းပါးအောက်ခြေမှာ ခွေခွေကလေး ပြုတ်ကျနေတဲ့ ဖိတ်ဖိတ်ရဲ့ ခန္ဓာကိုယ်ကို ထိတ်လန့်တကြား ကြည့်နေရာကနေ ရုတ်တရက်ကြီး ဖိတ်ဖိတ်ရဲ့ အဖေကြီးဆီကို ရောက်သွားတယ်။ တုန်ရီနေတဲ့ ဖိတ်ဖိတ် အဖေကြီးရဲ့ ဘောင်းဘီအိတ်ထဲက ထွက်လာတာကဖြင့် ကလေးလက်သီးဆုပ်သာသာ စိမ်းလဲ့လဲ့ ကျောက်တုံးကလေး။ ဒါပေမဲ့ လူတိုင်းဟာ ကျောက်ဆီကိုပဲ တစူးတစိုက် အာရုံရောက်နေကြတယ်။ လူတွေရဲ့ အာရုံအလစ်မှာ တောင်ကမ်းပါးပေါ်က လူစိမ်းက အမိအရ လှုပ်ရှားလိုက်တယ်။

လူဟာ လေထဲကို အဲဒီလိုမျိုး ဝဲပျံနိုင်လို့လား။ စုတ်ပြဲနေတဲ့ အနက်ရောင် မိုးကာရှည်ဟာ ဝဲခနဲ။ ပေငါးဆယ်လောက် မြင့်တဲ့ ကမ်းပါးပေါ်က လူဟာ လက်လွတ်ကြီး ခုန်ဆင်းလာပြီး ဖိတ်ဖိတ်ရဲ့ အဖေကြီးကို တမုဟုတ်ချင်းပဲ ခုန်အုပ်ပစ်လိုက်တယ်။ ဖိတ်ဖိတ်ရဲ့ အဖေကြီးဟာ သူကိုင်ထားတဲ့ ကျောက်ကို တမင် လွှတ်ချလိုက်တာလား၊ လွတ်ကျသွားတာလားတော့ ကောင်လေးလည်း မခွဲခြားတတ်ဘူး။

သွေးဆာရူးသွပ်နေတဲ့ ကြောက်စရာ သားရိုင်းကြီးလို လူစိမ်းဟာ ဖိတ်ဖိတ်ရဲ့ အဖေကြီးကို အပေါ်ကနေ စီးပြီး ကုတ်ဖဲ့၊ ထိုးကြိတ်နေတာကို လူအားလုံးက ငေးကြောင်ကြည့်နေကြတယ်။ သတိမလစ်တဲ့ လူဆိုလို့ သူ့ရဲ့ လက်က ဘယ်တော့မှ မလွဲဘူးလို့ အမြဲဂုဏ်ယူနေခဲ့တဲ့ မြို့ထဲက သားသတ်


mgyoe.com

mgyoe.com SAMPLE BOOK


သမားပဲ ရှိတယ်။ သားသတ်သမားရဲ့ ဝက်ထိုးမှိန်းက လူစိမ်းရဲ့ နံကြားကို နင့်နင့်စူးစူး စိုက်ဝင်သွားတယ်။ ပြီးတော့မှ ကျန်တဲ့သူတွေ သတိဝင်လာပြီး လူစိမ်းကို ဝိုင်းပြီး ထိုးခုတ်လို့ ဖိတ်ဖိတ်ရဲ့ အဖေကြီးကို ဆွဲထုတ်ဖို့ လုပ်ကြတယ်။

ဒါပေမဲ့ လူစိမ်းက သူ့အပေါ် ရောက်လာတဲ့ အန္တရာယ်တွေကို အသိစိတ် မဲ့နေခဲ့သလိုမျိုး နည်းနည်းမှ အရေးမစိုက်ဘူး။

"တစ်ဘီလျံ တန်တယ်ကွ၊ ဒေါ်လာ တစ်ဘီလျံ...."

ဆိုတဲ့ စကားကို မန္တာန်တခုလို ရေရွတ်ရင်း ဘယ်လိုအရာကမှ သူ့အတွက် မနာကျင်စေသလိုမျိုးနဲ့ ဖိတ်ဖိတ် အဖေကြီးကိုပဲ အမဲဖျက်ဖို့ အာရုံစိုက်နေတယ်။ နောက်ထပ်သော လူတွေရဲ့ မှိန်းချက်တွေအောက်မှာ လူစိမ်းဟာ တံစို့နဲ့ ထိုးထားသလိုမျိုး ဖြစ်လာတဲ့ အထိ။

လူတချို့က ဒဏ်ရာတွေနဲ့ တုန်ရီနေတဲ့ ဖိတ်ဖိတ် အဖေကြီးကို အကြောဆွဲနေဆဲ ဖြစ်တဲ့ လူစိမ်းရဲ့ ခန္ဓာကိုယ်အောက်ကနေ ဆွဲထုတ်ပေးလိုက်ကြတယ်။

မြို့ထဲက လူတချို့က အလောတကြီးပဲ 'ကျောက်ရော ဦးလေး ... ကျောက်ရော'တဲ့။

လူစိမ်းရဲ့ သွေးတွေ စွန်းပေနေဆဲ ဖိတ်ဖိတ် အဖေကြီးဟာ လူတွေ လက်ကို တွန်းဖယ်ရင်း 'ပြုတ်ကျသွားပြီ' လို့ ဖြေတယ်။ ပြီးတော့ လေးဘက်ထောက်လို့ သူ့သားလေးရဲ့ ခန္ဓာကိုယ်ဆီကို တွားသွားတယ်။ အဖေကြီးနဲ့ အတူ ဖိတ်ဖိတ်ရဲ့ အလောင်းနားကို ရောက်လာတာကတော့ ကောင်လေးပဲ။ ကျန်တဲ့သူတွေက မိုးကာရှည် အနက်ရောင်နဲ့ လူစိမ်းရဲ့ အလောင်းနားမှာ စုအုံနေကြတုန်းပဲ။

ဖိတ်ဖိတ်ရဲ့ ခန္ဓာကိုယ် ပိန်ပိန်လေးဟာ ရုပ်ပျက်ဆင်းပျက် ကျိုး


mgyoe.com

mgyoe.com
SAMPLE BOOK


ကြေလို့။ ဖိတ်ဖိတ်တော့ တအားနာနေခဲ့မှာပဲလို့ ကောင်လေးက ဝမ်းပန်းတနည်း တွေးမိလာတယ်။

ကောင်လေးက စိတ်ပြန်တင်းပြီး 'ရဲကို ခေါ်ဖို့ သွားမေးလိုက်ဦးမယ်' လို့ ပြောပေမဲ့ ဖိတ်ဖိတ်အဖေကြီးဟာ ကောင်လေးရဲ့ လက်ကို မလွှတ်ဘဲ ခေါင်းခါပြတယ်။

မြို့ထဲက လူတွေဟာ မိုးကာ အနက်ရောင်နဲ့ လူရဲ့ အလောင်းနဲ့ အနီးအနားကို ထိုးနှောက်ရှာဖွေနေကြပြီ။

လူတချို့ဆီကလည်း 'မတွေ့ဘူး၊ အဖိုးကြီးဆီမှာပဲ ရှိမှာ' ဆိုတဲ့ အသံတွေကိုလည်း ကောင်လေး ကြားနေရတယ်။

ဖိတ်ဖိတ်ရဲ့ အဖေကြီးက ဖိတ်ဖိတ်ရဲ့ အသက်မရှိတော့တဲ့ ကိုယ်ကလေးကို ဖက်ထားရင်းကနေ သူ့လည်ပင်းက ကျောက်စိမ်းဆွဲပြားကို ဆွဲဖြုတ်လိုက်ပြီး ကောင်လေး လက်ထဲကို ထည့်တယ်။

ပြီးတော့ ကောင်လေးကို တိုးတိုးကလေး ပြောတယ်...။

"ပြေးတော့..." တဲ့။

[ ၆ ]

လူတွေဟာ ရုပ်ရှင်ထဲကလို နှစ်ပတ်ကျွမ်း ထိုးလိုက်စရာ မလိုဘဲနဲ့ ဘယ်လိုအချိန်မှာ သားရိုင်းတိရစ္ဆာန်တွေအဖြစ် တမုဟုတ်ချင်း ပြောင်းလဲသွားနိုင်သလဲ ဆိုတာကို ကောင်လေးကတော့ ကောင်းကောင်းကြီး သိလာခဲ့ပါတယ်။

* * *


mgyoe.com


mgyoe.com SAMPLE BOOK

ဒဏ်ရာ ဆိုတာ
မရည်ရွယ်သည် ဖြစ်စေ၊
ရည်ရွယ်ခဲ့သည် ဖြစ်စေ
တချို့တွေအတွက်
တခဏတာ ဆိုပေမဲ့
တချို့တွေအတွက်ကတော့
သေရာ ပါတတ်တာပဲ
မဟုတ်လား...

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK



ကြေကွဲနာ

mgyoe.com

mgyoe.com SAMPLE BOOK

"ရှိရှိစိုး ရက်စက်တယ်...
မောင့်အချစ်ဆုံး ရက်စက်တယ်..."

ဆိုတဲ့ စိုးလွင်လွင်ရဲ့ သီချင်းကို ကြားတိုင်း နောက်ဆက်တွဲ အနေနဲ့ နောက်မှာ 'ဟိုကောင်မကြီး ရက်စက်တယ်' ဆိုတဲ့ သီချင်းသံဟာ မှတ်ဉာဏ်ထဲမှာ အမြဲလိုက်ပါလာတတ်မြဲ။ ငယ်ဘဝဆီက တစုံတခုနဲ့ တွဲစပ်ထားမိတဲ့ မှတ်ဉာဏ်အပိုင်းအစတွေပေါ့လေ။

'ဟိုကောင်မကြီး ရက်စက်တယ်' ဆိုတဲ့ စကားသံနဲ့အတူ အရက်နံ့ သဲ့သဲ့၊ အသားညိုညို၊ ဆံပင်စုတ်ဖွားနဲ့ ဦးလေးညို၊ ပြီးရင် ရောဝတီမြစ်ကမ်းပါးက မြစ်ရေနံ့တွေဟာ ကိုယ့်မှတ်ဉာဏ်ထဲကနေ အလိုလိုကို တိုးဝှေ့စိမ့်ထွက်လာတတ်တယ်။

ဦးလေးညို ဆိုတာ ပြည်က ကိုယ်တို့အိမ်ရဲ့အနားက ဂိတ်က



mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုက်ကားသမား ဦးလေးကြီးပေါ့။ တကိုယ်ရေ တကာယသမား ဆိုတော့ အိမ်လည်း မပြန်ဘူး။ အဲဒီဂိတ်မှာပဲ ဆိုက်ကား နင်းလိုက်၊ ဂိတ်တဲပေါ် အိပ်လိုက်၊ ရေချိုးစရာ ရှိတော့လည်း ရောဝတီမြစ်ဆိပ် ဆင်းလိုက်၊ ထမင်းစားဖို့ကျတော့ ညောင်ပင်သာဈေး၊ ကမ်းနားဈေးက တဆိုင်ဆိုင် ဝင်လိုက်နဲ့ပဲ ဖြတ်သန်းရင်းနဲ့ ဂျူဘဝကိုသူ လွတ်ချထားတဲ့သူ။

ဦးလေးညိုက မိန်းမတွေကို မုန်းတယ်...။ အထူးသဖြင့် သူ့ထက် အသက်ကြီးတဲ့ လူလတ်ပိုင်းအရွယ် မိန်းမတွေကို ဆိုရင် စကားဟဟ မပြောဘူး။ အိမ်က အမေ ခိုင်းလိုက်ရင် ရေရေရာရာ အလုပ်လုပ်ပေးပေမဲ့ စကားပြောစရာ ရှိရင်ကျ မပွင့်တပွင့်နဲ့ ပြောတာ ဖြစ်စေ၊ အဖေက တဆင့် ပြောတာ ဖြစ်စေနဲ့ပဲ ဆက်ဆံတတ်တယ်။ အမေ့ကိုမှလား ဆိုတော့လည်း မဟုတ်ဘူး၊ ကျန်တဲ့ လူလတ်ပိုင်းအရွယ် မိန်းမတိုင်းကိုလည်း အဲဒီလိုပဲ ဆက်ဆံတတ်သတဲ့လေ။

ဦးလေးညိုက ဈေးထဲက ကုန်ခြောက်ဆိုင်တွေ အကြောင်းလည်း သိသလို ပိုက်ဆံကိုလည်း ကောင်းကောင်းတွက်တတ်ပေမဲ့ စာကျတော့ သူ တလုံးမှ မတတ်ဘူး။ သူ့ကိုယ်သူ အဲဒီလို စာမတတ်တာကိုလည်း သိပ် မုန်းလို့ ပစ္စည်းမှာရင် စာနဲ့ ရေးပေးတာလည်း မကြိုက်ဘူး။

"ပြောသာ ပြလိုက်ဗျာ၊ အကုန်မှတ်မိတယ်ရယ်"

လို့ ဘုတောတတ်သလောက် သေသေချာချာ မှာလိုက်ရင် တကယ်လည်း တခုမကျန် မှတ်မိတာချည်းပါပဲ။

အမေက–

"နင် ဒီလောက် အမှတ်သညာကြီးတာ စာကျ တတ်အောင် မသင်ခဲ့ဘူးလား"


mgyoe.com

mgyoe.com SAMPLE BOOK


လို့ ပြောမိလို့ ဦးလေးညိုဆီက ရှူးရှူးရှားရှားနဲ့ စိတ်ဆိုးတာကို ခံခဲ့ရဖူးပါရော။

အဲဒီလို ဦးလေးညိုဟာ ညနေခင်း ဆိုရင် အရက်ဖြူကို ငါးကြီးဆီနဲ့ လစ်ပိုတဖုံး ရောထားတဲ့ လစ်ပိုပုလင်း နှစ်လုံးကို ခါးက ပုဆိုးထဲ ထည့်လိပ်လို့၊ ပဲကြီးလှော်နဲ့ ဆေးပေါ့လိပ် ငါးလိပ်ကို ခါးပုံစမှာ ထည့်ပြီး ဇရာဝတီ ကမ်းနားတလျှောက် ဆိုက်ကား နင်းတော့တာပဲ။ အရက်တငုံ မော့လို့၊ ကြုံတဲ့ ရေချမ်းစင်မှာ ရေတငုံမော့လို့ ခါးပုံစထဲက ပဲလှော်ကို တစေ့ချင်း ဝါးလို့၊ သိပ်မူးလာရင် မြစ်ဆိပ်ဆင်းလို့ မြစ်တဖက်ကမ်းဆီကို လှမ်းပြီး-

"ယဉ်ယဉ်ဆင့် ရက်စက်တယ်၊ မောင်အချစ်ဆုံး ရက်စက်တယ်၊ ဟိုကောင်မကြီး ရက်စက်တယ်"

လို့ အော်ရင်း အသည်းကွဲ ပြဇာတ်ကို တကိုယ်တော် ကပြတော့တာပါပဲ။ အကြောင်းရင်းကတော့ ဦးလေးညိုကို အသည်းကွဲစေတဲ့ အမျိုးသမီးဟာ ပြည်မြို့ရဲ့ တဖက်ကမ်း ဆင်တဲကမို့လို့ပါပဲတဲ့။

ကုန်လွန်ခဲ့တဲ့ နှစ်ကာလများတုန်းကတော့ ဦးလေးညိုဟာ မြင်းလှည်း မောင်းတဲ့ ဆယ့်ခြောက်နှစ်သား လူညိုချောကလေး မောင်ညိုပေါ့။ မောင်ညိုဟာ သူ့အဖေကြီးရယ်၊ မြင်းတကောင်ရယ်၊ လှည်းတစီးရယ်နဲ့ ဘဝကို ရိုးရိုးကလေး ဖြတ်သန်းလာခဲ့တာပဲ။ အဲဒီလို ငြိမ်သက်တဲ့ မောင်ညိုရဲ့ ဘဝထဲကို ရောက်လာခဲ့တာက မမယဉ်။

မမယဉ်က ပြည်တဖက်ကမ်း ဆင်တဲက အမျိုးသမီးပေါ့...။ မမယဉ်က သူ့နာမည်အတိုင်း ယဉ်တယ်၊ ဆံပင်အရှည်ကြီးကို ကျစ်ဆံမြီး တချောင်းတည်း ကျစ်လို့ ပါတိတ်ဝမ်းဆက်နဲ့၊ ဆင်တဲက လာတဲ့ တခြား ဈေးရောင်း ဈေးဝယ်တွေလိုမျိုး မဟုတ်ဘူး။ စိမ့်ညိုစိုလက်တဲ့ အသားအရည်မှာ ပါးကွက်မပါတဲ့ သနပ်ခါးဖုံဖုံနဲ့ စပရင်းဆောင်းပေါင်ဒါနဲ့ တသင်းသင်း၊ ပန်းနု


mgyoe.com

mgyoe.com
SAMPLE BOOK


ရောင် နှုတ်ခမ်းနီ ပြေပြေကလေးနဲ့ လေပြည်ကလေးလို အဟင်းဟင်း ရယ်သံနဲ့ မောင်ညိုနှလုံးသားကို ဖမ်းစားသွားတယ်။ မမယဉ်က အသက် သုံးဆယ်လောက် ဆိုတော့ မောင်ညိုနဲ့ အသက်တော်တော် ကွာတယ်ပေါ့။ ဒီတော့ မမယဉ်က မောင်ညိုကို မောင်လေးညိုလို့ ခေါ်တယ်။

မမယဉ်က ဆင်တဲက နေပြည်တော်ကို တလတခါ လာတယ်၊ လေးငါးလ တခါလောက် ပြည်ကနေ တဆင့် ရထားနဲ့ ရန်ကုန်ကို တက်တယ်။ ပြည်နဲ့ ရန်ကုန်က ကုန်တွေ သယ်ပြီး ဆင်တဲမှာ ရောင်းတယ်။ မမယဉ် ရောင်းသမျှတွေက မောင်ညိုနဲ့ သိပ်မဆိုင်လှတဲ့ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ ခေါင်းစည်းတွေ စသဖြင့်ပေါ့လေ။ မောင်ညိုနဲ့ ဆိုင်လာတာက မမယဉ်…၊ မမယဉ်က မောင်ညိုကိုပဲ လက်စွဲသုံးတယ်။ လှေဆိပ်လည်း မောင်လေးညို ကြိုမှ၊ ကုန်တွေတိုက်လည်း မောင်လေးညိုနဲ့မှ၊ သူ ဝတ်ဖို့ အင်္ကျီချုပ်ထားတာကို သွားရွေးရင်တောင် မောင်လေးညိုကိုပဲ အပါခေါ်သွားတတ်သလို နောက်ဆုံး ညဈေးတန်းထဲမှာ ဆီကော်သွားစားတာတောင်မှ မောင်လေးညို ပါမှတဲ့လေ။ ဒီတော့လည်း မောင်လေးညိုဟာ ဘာသားနဲ့ ထုထားလို့လဲပေါ့…။

ဈေးဝယ်ပြီးကြပြီ ဆိုရင် မမယဉ်နဲ့ သူ့မောင်လေးညိုတို့ကို နေရာအနှံ့မှာ အတူတူ တွေ့ရတော့တာပဲ။ မင်းကြီးတောင်ပေါ်မှာ၊ ရွှေဘုံသာမုနိမှာ၊ ရွှေဆံတော်ရဲ့ ညဏ်ရိုးပူဇော်ပွဲမှာ၊ ရောဝတီကမ်းနားရဲ့ ညနေဆည်းဆာတွေထဲမှာ။

မောင်လေးညိုဟာ သူ့မမယဉ်ကို သိပ်ချစ်တယ်၊ မမယဉ်က ဖွင့်မပြောပေမဲ့ မမယဉ် ဝယ်ချုပ်တတ်တဲ့ အဝတ်အစား ဈေးတွေကနေ တဆင့် မမယဉ်ဟာ သူနဲ့ အလှမ်းကွာတယ် ဆိုတာကို သူ သိတယ်။ ဒါပေမဲ့ သူဟာ မမယဉ် အတွက်ဆို မင်းကြီးတောင်ကိုတောင် ရွှေပြလိုက်ချင်လောက်အောင်


mgyoe.com

mgyoe.com
SAMPLE BOOK


အချစ်ရဲ့ စွမ်းအင်တွေနဲ့ ပြည့်နေတဲ့ ကောင်ကလေး ဖြစ်ခဲ့တာပေါ့။

မမညိုဟာ ပြည်ကို သူ မလာနိုင်တဲ့ လတွေ ဆိုရင် မောင်ညို့ကို ပိုက်ဆံတွေ လူကြုံပါးပြီး ပစ္စည်းမှာတတ်တယ်။ မောင်ညိုက စာမတတ်တော့ စာယူလာတဲ့သူက ဖတ်ပြရတာပေါ့…။ ဒါပေမဲ့ အမှားအယွင်း မရှိတတ်ပါဘူး။ မောင်ညိုဟာ မမယဉ်ရဲ့ ခါးဆိုဒ်က အစ၊ ဖိနပ်ဆိုဒ် အဆုံး အကုန်မှတ်မိတတ်တဲ့ ကောင်ပဲဟာ။ မမယဉ် မှာသမျှ တိုလီမုတ်စက စလို့ ဆိုင်မှာ အပ်ထားပြီး ရက်ချိန်းပြည့်တဲ့ အင်္ကျီကို သွားရွေးပြီး ထည့်ပေးတာအထိ မောင်လေးညိုဟာ မမယဉ်ကို သူ့အချစ်အားလုံး အိတ်သွန်ဖာမှောက် ပြခဲ့တယ်။

ဒီလိုနဲ့ မမယဉ်တယောက် ဆင်တဲကနေ ရန်ကုန်ကို တက်သွားတုန်းက မောင်ညိုဟာ သူ့အဖေ ဆေးရုံတက်နေလို့ လိုက်မပို့လိုက်ရဘူး။ ပြီးတော့လည်း တနွေလုံးလုံး ပြည်ကို ပြန်မလာဘူး…။ မဟုတ်ဘူး၊ မောင်လေးညို့ဆီကို ပြန်မလာဘူး။ အဖေ နေမကောင်းတဲ့ မောင်လေးညိုဟာလည်း မမယဉ်ဟာ ရန်ကုန်က ပြန်ဆင်းမလာတာလား၊ ဆင်တဲကပဲ တက်မလာလေသလား၊ ပြည်ကို မလာဘဲ နွားမယံဇက်ဆိပ်ကနေ ကူးတဲ့ ကားတွေနဲ့ပဲ သွားလာနေလေသလား ဆိုတာကို ရေရေရာရာ မသိတော့ဘူး။ မောင်ညို မေးသမျှ လူတွေကလည်း သိသလိုလို မသိသလိုလိုနဲ့။ မြင်းလှည်း မောင်းဖော်မောင်းဖက်တွေကတော့–

"ယဉ်ယဉ်ဆင့်များ အကောင်းမှတ်လို့ကွာ၊ မိန်းမလည်ဟ ငါ့ကောင်ရ"

ဆိုပြန်တော့လည်း မောင်ညိုမှာ အကြီးတွေနဲ့ လက်သီးလက်မောင်း တန်းအောင် စကားများရပြန်တယ်။

မမယဉ်ဆီကို လိုက်သွားဖို့ကျပြန်တော့လည်း သူ့အဖေ့ကို ထားခဲ့ဖို့က မဖြစ်နိုင်ပြန်ဘူး မဟုတ်လား။ မမယဉ်မှ မမယဉ်ဆီကိုပဲ စိတ်ရောက်နေ


mgyoe.com

mgyoe.com
SAMPLE BOOK


တဲ့ သားတော်မောင်ကို ဖအေကလည်း စိတ်လျှော့လိုက်တယ် ထင်တယ်။ သကြိန်မိုးကလေး ဖျောက်တောက်ကျချိန် တညမှာ မောင်ညို့ကို တယောက်တည်း ထားသွားတော့တာပဲ။ ဖအေ့နာရေး ပြီးတာနဲ့ မောင်ညို့ခေါင်းထဲကို ရောက်တာ မမယဉ်၊ ကမ္ဘာမှာ မမယဉ်က လွဲရင် သူ့မှာ ဘာမှ တွယ်တာစရာ မရှိတော့ဘူးပေါ့။ သူ့မြင်းနဲ့ မြင်းလှည်းကလေးကလည်း ဖအေ့ဆေးဖိုးနဲ့ ရောင်းလိုက်ရပြီလေ။

သူဟာ မမယဉ်ကို တင်တောင်းဖို့ အိမ်ဝိုင်းကို ရောင်းလို့၊ မမယဉ်အတွက် ရွှေတဆင်စာကို သွားဝယ်လို့ သဘော်ဝင်တဲ့နေ့မှာ မောင်လေးညိုဟာ ဆင်တဲက အလှကုန်တွေ ရောင်းတဲ့ ယဉ်ယဉ်ဆင့် ဆိုတဲ့ အသိတခုတည်းနဲ့ မမယဉ်ဆီကို လိုက်သွားတော့မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ မမယဉ် အထည်အပ်နေကျ အပ်ချုပ်ဆိုင်ကို လမ်းကြုံလို့ မနက်ဖြန်ကျရင် မမယဉ်ဆီကို သွားမှာမို့ ဘာပေးဦးမလဲလို့ ဝင်မေးတော့ ဆိုင်က အစ်မကြီးတွေက မမယဉ် အပ်ထားတဲ့ အဝတ်အစားတွေ ထည့်ပေးလိုက်တယ်။

မောင်ညို့ဘဝမှာ တခါမှ မဝတ်ဖူးတဲ့ ရခိုင်ပုဆိုးအသစ်နဲ့ ရှပ်အကျီကို ဝတ်လို့ အလှကုန်ရောင်းတဲ့ မယဉ်ယဉ်ဆင့်ကို သိသလားလို့ ဇက်ဆိပ်ကနေ တဆင့်စကား၊ တဆင့်နားနဲ့ မေးလာလိုက်တာ နောက်ဆုံးမှာ မမယဉ် အိမ်ကို တည့်တည့်မတ်မတ် ရောက်လာခဲ့တယ်။ ညှော့ခံမလျှာပ် ထိုးထားတဲ့ မမယဉ်တို့ အိမ်ဟာ မီးစက်နဲ့ မီးတွေ လင်းလို့။

မမယဉ်ဟာ သူ့ကို တွေ့ရင် မောင်လေးညိုလို့ ဝမ်းသာအားရ ခေါ်လိုက်မယ်လို့ ထင်ထားခဲ့တာ။ ပန်းနုရောင် ဇာဝမ်းဆက်နဲ့ မမယဉ်ဟာ မောင်ညို့ကို မြင်တာနဲ့ မျက်နှာပျက်သွားတယ်။ ပြီးတော့ မောင်ညို့ကို အသာလက်တို့ပြီး အိမ်ဘေးက မှောင်ရိပ်ဆီကို ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်သွားတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


"နင် ဘာလာလုပ်တာလဲ" တဲ့။

မောင်လေးညိုဟာ သူတို့ အကြာကြီး မတွေ့ဖြစ်ကြလို့ မမယဉ်က စိတ်ကောက်နေတယ်လို့ပဲ ထင်နေခဲ့တာ။

"ငါ ပေးလိုက်တဲ့ ဖိတ်စာကို မဖတ်မိဘူးမလား၊ သတို့သမီးနေရာက ငါ့နာမည်ကိုတောင် နင် စာလုံး မပေါင်းတတ်ဘူး မဟုတ်လား။ အဟင်းဟင်း" တဲ့။

မမယဉ်ဆီက လေပြည်ကလေးလို ရယ်သံဟာ အခုချိန်မှာ မောင်ညို့ အတွက်တော့ အသည်းကို ပစ်ပေါက်လိုက်တဲ့ ဓားချွန်ချွန်တွေပဲ။

ခြံစည်းရိုး အမှောင်ရိပ်ထဲက မောင်ညိုနဲ့ မမယဉ်ကို မြင်သွားတဲ့ မမယဉ်ရဲ့ ခင်ပွန်းဆိုတဲ့ လူကြီးက လှမ်းခေါ်တယ်။ မမယဉ်ဟာ မောင်ညို လိုက်မပို့လိုက်ရတဲ့ ရန်ကုန်ခရီးမှာ ဒီလူကြီးနဲ့ လက်ထပ်ခဲ့ပြီတဲ့။ ဒါက မမယဉ်တို့ဘက်ကို ဆွေပြမျိုးပြဆောင်တဲ့ နောက်တပွဲတဲ့လေ။

မမယဉ်ဟာ မောင်ညို့ကို အကျီလာပို့တဲ့ မြင်းလှည်းသမားလေးပါလို့ မိတ်ဆက်ပေးတယ်။ မမယဉ်ရဲ့ မျက်လုံးကလေးတွေက မရယ်မြူးတော့ဘူး၊ စိတ်ရှုပ်လာရင် တွန့်ချိုးသွားတတ်တဲ့ မျက်မှောင်အောက်က စိမ်းလက်သွားတဲ့ မျက်လုံးတွေကို မောင်လေးညို ငေးနေမိတယ်။

"ပြန်တော့လေ...ရော့ အကျီဖိုး" တဲ့။

မောင်လေးညိုဟာ သူ့မမယဉ်ရဲ့ အပြောင်းအလဲ မြန်မှုတွေကို လိုက်မမီနိုင်ခဲ့ဘူး။ သံပတ်ကုန်သွားတဲ့ အရုပ်တရုပ်လိုပဲ ရပ်တန့်ငေးမောနေခဲ့တယ်။

ဒါ တကယ် မဟုတ်ဘူးလို့ သူ့ကိုယ်သူ တတွတ်တွတ် ပြောနေရင်း မမယဉ်ရဲ့ ခင်ပွန်းတိုက်တဲ့ အရက်တွေ သောက်တယ်၊ လူပျိုတွေရဲ့ အရက်ဝိုင်းထဲမှာလည်း မထစတမ်း သောက်တယ်။ မြင်းလှည်းဂိတ်က အကြီးတွေ


mgyoe.com

mgyoe.com SAMPLE BOOK


တိုက်တိုင်း နံ့တယ်ဗျာ ဆိုပြီး တွန်းထိုးပစ်ခဲ့တဲ့ အရည်တွေကို ရေသောက်သလို သောက်တယ်။ သူ့နှလုံးသားထဲက လှိုက်တက်လာတဲ့ မမယဉ်ရဲ့ အပြုံးတွေ၊ အသံတွေ၊ အထိအတွေ့တွေ၊ သူ့နာကျင်မှုတွေ၊ နားမလည်နိုင်မှုတွေ၊ မျက်ရည်တွေကို အရက်နဲ့မျှောပြီး မျိုချနေရတယ်။

တခြားလူတွေ မူးပြီး အိပ်တဲ့သူ အိပ်၊ ပြန်တဲ့သူ ပြန်တဲ့အထိ မောင်ညိုဟာ အရက်တွေ သောက်တုန်း။ အရက်မူးပြီး အိမ်ထဲ ဝင်သွားတဲ့ ယောက်ျားကို အိပ်ရာထဲ ပို့ပြီးပုံ ရတဲ့ မမယဉ်က အိမ်ပေါ်ကနေ လှမ်းကြည့်နေတာကို ရီဝေဝေနဲ့ မြင်ရတယ်။ မမယဉ် အိမ်ပေါ်က ဆင်းလာပြီး အနားရောက်လာတော့ သူ ခေါင်းမမော့နိုင်ဘူး။ မမယဉ်ရဲ့ ထဘီအနားနဲ့ ခြေဖျားလေးတွေကိုပဲ ငေးကြည့်နေမိတယ်။ ပြီးတော့မှ အင်္ကျီရင်ဘတ်အောက်မှာ လွယ်လာတဲ့ အိတ်ထဲကနေ မမယဉ်ဖို့ ဝယ်လာတဲ့ ရွှေထည် ကလေးတွေကို ထုတ်ပေးလိုက်တယ်။ မမယဉ် ဝတ်ထားတဲ့ ညွတ်နေတဲ့ ရွှေတွေနဲ့ မောင်ညို့ အိမ်ကလေး ရောင်းရတာကနေ ဝယ်လာတဲ့ ရွှေထည်ကလေးတွေဟာ ဆင်နဲ့ ဆိတ်ပဲ။ ရွှေတွေကို ကြည့်ပြီး မမယဉ်က ပျော်မသွားဘူး။

"ခင်ဗျားနဲ့ ယူမလို့"

ဆိုတဲ့ မောင်ညို့ရဲ့ အာလေးလျှာလေး စကားကိုလည်း မမယဉ်က ဘာမှ မတုံ့ပြန်ဘူး။

"ခုတော့ ခင်ဗျားပဲယူ"

ဆိုပြီး မမယဉ် လက်ထဲကို အတင်းထိုးပေးပေမဲ့လည်း မမယဉ်က မယူပြန်ဘူး။

"ယူလိုက်ဗျာ... ပြန်ကမ်းအတွက် ဒါတွေ ယူသွားမယ်"

လို့ အနားက ဆေးပေါ့လိပ်တည်တဲ့ ခွက်ထဲကို ရွှေတွေကို ထည့်လို့


mgyoe.com

mgyoe.com SAMPLE BOOK


ဆေးပေါ့လိပ်တွေကိုတော့ သူ့လက်နဲ့ တဆုပ်ယူပြီး မောင်ညို ထွက်သွားတယ်။ တညလုံး မြစ်ကမ်းနားမှာ ထိုင်ငိုတယ်။ နောက်တနေ့မှာ သူ့ကို သိကြတဲ့ လှေဆိပ်က လူတွေ ကောင်းမှုနဲ့ မောင်ညို တယောက်တည်း ပြည်ကို ပြန်ရောက်လာခဲ့ပါတယ်။

မမယဉ်ပါ သူ့ဘဝမှာ မရှိတော့တဲ့နောက်မှာ မောင်ညိုဟာ ဘယ်အရာကိုမှ တွယ်ဆုပ်မထားတော့ဘူး။ တဝမ်းတခါးအတွက် အလုပ် လုပ်တယ်၊ လုပ်ချင်စိတ် ရှိတဲ့နေ့မှ လုပ်တယ်၊ အရက် သောက်တယ်၊ မူးလာရင် ယဉ်ယဉ်ဆင့် ရက်စက်တယ်၊ မောင်အချစ်ဆုံး ရက်စက်တယ်၊ ဟိုကောင်မကြီး ရက်စက်တယ်လို့ ရောဝတီမြစ်ကမ်းကနေ ဆင်တဲဘက်ကို လှမ်းအော်နေခဲ့တာ မောင်ညိုကနေ ဦးလေးညို အသက်အရွယ် ရောက်အောင် ကြာတဲ့အထိပါပဲ။

ဒဏ်ရာ ဆိုတာ မရည်ရွယ်သည် ဖြစ်စေ၊ ရည်ရွယ်ခဲ့သည် ဖြစ်စေ တချို့တွေအတွက် တခဏတာ ဆိုပေမဲ့ တချို့တွေအတွက်ကတော့ သေရာပါတတ်တာပဲ မဟုတ်လား...။

***


mgyoe.com